
NS NOVEL
စာစဉ်-၂
NS NOVEL
အဆုံးအစမဲ့ည
夜无疆
ဘာသာပြန်သူ - NS

# အခန်း (၁၁)

*

ဖုန်းယီအန်းသည် အရပ်အမောင်း မြင့်မားလေသည်။ သူ၏ မုတ်ဆိတ်မွေးများမှာ သံအပ်များကဲ့သို့ ထောင်နေပြီး မျက်လုံးများမှာ တောက်ပကာ စကားပြောရာတွင်လည်း အားပါလှပေသည်။ ကြည့်ရသည်မှာ ပွင့်လင်းရိုးသားသော စရိုက်ရှိသူနှင့် တူပေသည်။

သို့သော်လည်း အခြေအနေမှန်ကို သိရှိထားသော ချင်မင်မှာမူ သူ့ကို အလွန်အမင်း ရွံရှာမိလေသည်။

"ဒီတစ်ခါတော့ တကယ်ကို အားနာပါတယ် ကျုပ်တို့ အဲဒီ သွေးဝက်ဝံကို အမြန်ဆုံး သတ်ပြီး အမှားကို ပြန်ပြင်ပါ့မယ်"

ဖုန်းယီအန်း က ရိုးသားသော မျက်နှာထားဖြင့် ပြောလိုက်၏။

အဘိုးလျို က သက်ပြင်းချလိုက်ပြီး တောအုပ်ကို သေချာစောင့်ရှောက်ရန်နှင့် မျိုးဗီဇပြောင်း သတ္တဝါများကို ထပ်မံ သောင်းကျန်းခွင့် မပြုရန် တောင်းဆိုလိုက်လေသည်။

သူသည် အသက်အရွယ် ကြီးရင့်နေပြီ ဖြစ်သော်လည်း အလွန် ဒေါသထွက်နေမိ၏။ တစ်ဖက်လူက လူသတ်ပြီးမှ လာ၍ တောင်းပန်ခြင်းမှာ လှောင်ပြောင်နေခြင်း ဖြစ်လေသည်။

ထိုကဲ့သို့ ကိုယ်တိုင်လာ၍ ဟန်ဆောင်

တောင်းပန်ခြင်းမှာ သေဆုံးသွားသူများ၏ မိသားစုဝင်များ၏ ဒဏ်ရာပေါ် ဆားဖြူးလိုက် သကဲ့သို့ပင် ဖြစ်၏။ ၎င်းတို့သည် ရွာသားများကို အလေးမထားကြောင်းနှင့် မည်သည့် တုံ့ပြန်မှုကို မျှ မကြောက်ကြောင်း ပြသနေခြင်း ဖြစ်ပေသည်။

"အမိကကတော့ ညီအစ်ကို တချို့မှာ ဒဏ်ရာတွေ ရှိနေလို့ ကင်းလှည့်ချိန်မှာ လူအင်အား မလုံလောက်လို့ အခုလို မတော်တဆ ဖြစ်သွားရတာပါ"

ဖုန်းယီအန်း က ရှင်းပြလေသည်။

သူသည် ယခင်ကိစ္စကို ထပ်မံ ပြောဆိုလာပြီး ရှီယွဲ့ဖျင်ကို လမင်းနက် မျိုးစေ့များ အမြန်ဆုံး စိုက်ပျိုးရန် တောင်းဆိုလိုက်၏။ ကင်းလှည့်

သူများမှာ ထိုဆေးကို သုံး၍ ဒဏ်ရာ ကုသရန် လိုအပ်ပြီး ထိုမှသာ တောင်ကို ပိုမို ကောင်းမွန်စွာ စောင့်ရှောက်နိုင်မည်ဟု ဆိုလေသည်။

ရှီယွဲ့ဖျင် ၏ ရင်ထဲတွင် ဒေါသများ လောင်ကျွမ်းနေသော်လည်း အောင့်ထားရလေသည်။

"ကျုပ်တို့ အခုပဲ ထွက်သွားတော့မယ် သွေးဝက်ဝံကို မသတ်ရမချင်း တောင်ပေါ်က ဆင်းမှာမဟုတ်ဘူး အစ်ကိုရှီ ကျုပ်တို့ကိုယ်စား သေဆုံး ဒဏ်ရာရတဲ့ မိသားစုတွေကို သွားပြီး အားပေးစကား ပြောပေးပါဦး"

ဖုန်းယီအန်း က ဆက်ပြောလေသည်။

ချင်မင် ကတော့ ထိုဟန်ဆောင်ကောင်းလှသော ရုပ်သွင်မှာ အလွန် ရွံရှာဖွယ် ကောင်းသည်ဟု ခံစားရလေသည်။

ရှိယွဲ့ဖျင်သည် မသိမသာဖြင့် ချင်မင်၏ လက်မောင်းကို တစ်ချက် တို့လိုက်ပြီးမှ ကင်း လှည့်သူများကို လိုက်လံ ပို့ဆောင်ပေးခဲ့၏။

ချင်မင်မှာ လူငယ်ဘာသာ ဒေါသထွက်ပြီး အမှားတစ်ခုခု လုပ်မိမည်ကို သူ စိုးရိမ်နေခြင်း ဖြစ်ကြောင်း ထင်ရှားလှပေသည်။

ယခုအချိန်တွင် ထိုကင်းလှည့်သူ အနည်းငယ် ကို သတ်နိုင်လျှင်ပင် အခြားသော အဖွဲ့ဝင်များ၏ ပြင်းထန်သော ကလဲ့စားချေမှုကို ခံရပေ လိမ့်မည်။

အကယ်၍ ထိုသူများ ဤနေရာတွင် တစ်ခုခု ဖြစ်သွားပါက သစ်ပင်နှစ်ပင်ရွာတစ်ခုလုံး ဒုက္ခရောက်နိုင်ပေသည်။

ချင်မင်သည်လည်း မဆင်မခြင် မလုပ်တော့ဘဲ

ရှိယွဲ့ဖျင်နှင့် ယန်ယုံချင် တို့နှင့်အတူ လိုက်လံပို့ဆောင်ပေးလိုက်လေသည်။

ထိုသူများ အမှောင်ထဲတွင် ပျောက်ကွယ်သွားမှသာ ယန်ယုံချင် က ဒေါသတကြီး ပြောလိုက်၏။

"အောင့်ထားရတာ တကယ်ကို ခံရခက်တယ်ဗျာ"

"အထက်ကို တိုင်လို့ မရဘူးလား"

ချင်မင်က မေးလိုက်၏။

"မင်းက ဘာအမှားကို ထောက်ပြမှာလဲ စည်းကမ်းအရ ကျုပ်တို့က လမင်းနက် လေးပင်ကနေ ရှစ်ပင်အထိ ပေးရမှာလေ ကင်းလှည့်အဖွဲ့က အခု အနည်းဆုံး ပမာဏဖြစ်တဲ့ လေးပင်ပဲ တောင်းထားတာ မင်းက ဒါက မျိုးဗီဇပြောင်းနေတဲ့ မျိုးစေ့လို့ ပြောရင်ကော ဘယ်လို

သက်သေပြမလဲ ပုံစံက အတူတူပဲကိုး ကျုပ်တို့က အရင်နှစ်က ရိက္ခာပင်တွေ ပျက်စီးတာနဲ့ ဖုန်းယီအန်း တို့ရဲ့ စရိုက်ကို ကြည့်ပြီးမှ သူတို့ မျိုးဗီဇပြောင်း မျိုးစေ့တွေကို အောင်မြင်အောင် ပျိုးထောင်နိုင်ခဲ့ပြီလို့ ခန့်မှန်းနိုင်တာလေ"

အဘိုးလျို က ဆက်ပြော၏။

"နောက်ထပ် အရေးကြီးတဲ့ အချက်ကတော့ သူတို့ ဒီလို လုပ်ရဲတာက အထက်နဲ့ အဆက်အသွယ် ရှိလို့ပဲ ဖြစ်ရမယ်"

ရှီယွဲ့ဖျင် ကလည်း ပြောပြလေသည်။

"လေးစားရတဲ့ ကင်းလှည့်သူဟောင်းတစ်ယောက် ချန်ထားခဲ့တဲ့ ကျေးဇူးတရားက သူတို့ရဲ့ သားမြေးတွေ ဆယ်စုနှစ်တစ်ခုလောက်အထိ သုံးလို့ရအောင် လုံလောက်ပါတယ်"

အမှန်စင်စစ် ဖုန်းယီအန်းတို့ အိမ်အထိ လာပြီး တောင်းပန်ဟန်ဆောင်ခြင်းမှာ ရှီယွဲ့ဖျင် ကို ဆေးစိုက်ရန် ဖိအားပေးခြင်းသာ ဖြစ်ပေသည်။

၎င်းတို့မှာ တိုက်ရိုက် ခြိမ်းခြောက်ခြင်း မပြုဘဲ အလွန် ယဉ်ကျေးပျူငှာနေသော်လည်း ထို လုပ်ရပ်မှာ ခြိမ်းခြောက်ခြင်းထက်ပင် ပို၍ ဆိုးရွားလှပေသည်။

ချင်မင် က သက်ပြင်းချရင်း မေးလိုက်၏။

"လမင်းနက် ဆေးက အဲဒီလောက်တောင် အရေးကြီးလို့လား"

ရှီယွဲ့ဖျင် က ခေါင်းညိတ်ပြကာ ပြောလေသည်။

"မျိုးဗီဇပြောင်းသွားရင်တော့ တန်ဖိုးက အလွန် ကြီးသွားပြီလေ အချိန်အကြာကြီး စားသုံးရင် ဒုတိယအကြိမ် ဘဝသစ် ရဖို့ အခွင့်အရေး

အနည်းငယ် ရှိလာနိုင်တယ်"

အဘိုးလျှို ကလည်း ဖြည့်စွက်ပြောၡ၏။

"ကင်းလှည့်သူ တစ်ယောက်အနေနဲ့ တောင်ပေါ်မှာ အမြဲ သွားလာနေရတော့ အဆင့်မြင့် သတ္တဝါတွေကို တွေ့ဖူးကြမှာပဲ ဘယ်သူက ခွန်အားတွေ ထပ်တိုးချင်မှာ မဟုတ်ဘဲ ရှိမလဲ ငါကိုယ်တိုင် တောင် နောက်တစ်ကြိမ် ဘဝသစ် ရချင်တာပေါ့ ဒုတိယအကြိမ် ဘဝသစ် ဆိုတာက အသက်ရှည်စေသလို လူငယ်ဘဝကိုလည်း ပြန်လည် ရရှိစေနိုင်တယ်လေ ဘယ်သူက မလိုချင်ဘဲ နေမလဲ"

သူသည် ကင်းလှည့်သူ အချို့ ဘာကြောင့် လမ်းမှား ရောက်ကုန်ကြသည်ကို ရှင်းပြပြီး နောက် ဆက်ပြောလိုက်၏။

"ဒါပေမဲ့ လူဆိုတာ ကိုယ်ကျင့်တရားတော့ ရှိရ

မယ်လေ သူတို့ ဒီလို လုပ်တာက ကင်းလှည့်သူ ဖြစ်ဖို့ ဘယ်တန်ပ့ါမလဲ တောင်သတ္တဝါတွေထက် တောင် ပိုပြီး အန္တရာယ် များသေးတယ်"

"ဒုတိယအကြိမ် ဘဝသစ်"

ချင်မင် ရေရွတ်လိုက်မိ၏။

ရှီယွဲ့ဖျင်က သူ၏ ပခုံးကို ပုတ်ကာ အားပေး လိုက်သည်။

"မင်းကတော့ ကျိန်းသေပေါက် ရနိုင်ပါတယ် မှတ်တမ်းတွေအရဆိုရင် ရှေးရောင်အချိန်ကာလ မှာ အောင်မြင်တဲ့သူတွေက အမြန်ဆုံး နှစ်လ အတွင်းမှာတင် ဒုတိယအကြိမ် ဘဝသစ် ရရှိနိုင် တယ်တဲ့"

ယနေ့ တောင်ပေါ်တက်ခဲ့သော ရွာသားအားလုံး မှာ သွေးစွန်းခဲ့ကြပြီး အချို့မှာ ဒဏ်ရာ အလွန်

ပြင်းထန်သဖြင့် အသက်ရှင်နိုင်မလားပင် မသေချာချေ။ အိမ်များစွာမှ ငိုသံများ ထွက်ပေါ်နေလေသည်။

ရွှေယွန်ဖျင်သည် တစ်အိမ်တက်ဆင်း သွားရောက်ကြည့်ရှုကာ ကူညီ ကုသပေးနေပြီး သူ၏ ရင်ထဲမှ ဒေါသများကို အတင်းအကျပ် ထိန်းချုပ်ထားရလေသည်။

လူလတ်ပိုင်း အမျိုးသား ဝမ်ချင့်လင် မှာမူ ခုတင်ပေါ်တွင် သတိမေ့မြောနေဆဲ ဖြစ်၏။ ဘဝသစ် ရရှိသူတစ်ဦး ဖြစ်သော်လည်း သူ၏ ဒဏ်ရာမှာ အခြားသူများထက် ပိုမို ပြင်းထန်နေလေသည်။

အဘိုးလျို က သူ၏ အရိုးများကို ပြန်လည်ပြင်ဆင်ပေးပြီးနောက် သွေးများကို သုတ်ကာ

ပြောလိုက်၏။

"ကျိုးသွားတဲ့ အရိုးတွေက အတွင်းကလီစာတွေကို ထိုးမိသွားတာပဲ ကျုပ်တို့လို လူမျိုးတွေက ရှင်သန်မှု အငွေ့အသက်တွေ အားမကောင်းဘူး ဆိုရင် ဒါက ကျိန်းသေ သေရမယ့် ဒဏ်ရာပဲ"

ချင်မင် က သေချာစွာ စစ်ဆေးကြည့်ပြီးနောက် ယင်းမှာ တစ်စုံတစ်ယောက်က သွေးဝက်ဝံအရေခွံကို ခြုံပြီး တိုက်ခိုက်ခဲ့ခြင်းသာ ဖြစ်ကြောင်း အတည်ပြုလိုက်ပေသည်။

အိမ်တိုင်းတွင် စိုးရိမ်သောကများ ပြည့်နှက်နေပြီး ကလေးငယ် အချို့မှာလည်း တိတ်တဆိတ် ငိုကြွေးနေကြ၏။ လွန်ခဲ့သော နှစ်ရက်က အသားရလာသည့် ပျော်ရွှင်မှုများမှာ လုံးဝ ပျောက်ကွယ်သွားခဲ့ပြီ ဖြစ်သည်။

အချို့သော ရွာသားများမှာလည်း မျိုးဗီဇပြောင်းနှင်းမျောက်ဝံနှင့် တိုးခဲ့သဖြင့် ကိုယ်ပေါ်ရှိဒဏ်ရာများမှာ ကြောက်မက်ဖွယ် ကောင်းလှပေသည်။

"လွန်ခဲ့တဲ့ နှစ်နှစ်က ကင်းလှည့်အဖွဲ့က တစ်ကောင် မွေးထားဖူးတယ် ထင်တယ်"

ယန်ယုံချင်က တိုးတိုးလေး ပြောလိုက်၏။

ရှီယွဲ့ဖျင် ၏ မျက်နှာမှာ ပျက်ယွင်းနေပြီး အဘိုးလှိုု မှာလည်း သက်ပြင်းများသာ ဆက်တိုက် ချနေတော့သည်။

ချင်မင် သည် အိမ်သို့ ပြန်လာခဲ့သော်လည်း ရင်ထဲတွင် လေးလံနေမိပြီး တစ်ခုခု လုပ်ချင်စိတ်ပေါ်လာခဲ့၏။

တစ်ခုတည်းသော သတင်းကောင်းမှာ လုဓဲ့ နိုး

လာခြင်းပင် ဖြစ်သည်။ သူ၏ ကြံ့ခိုင်သော ကိုယ်ဟန်ကြောင့် နောက်ဆက်တွဲ ပြဿနာများ ရှိလာမည် မဟုတ်ချေ။

ချင်မင် မှာ လုခဲ့ စိတ်လှုပ်ရှားပြီး ဒဏ်ရာ ပြန်ပွင့်လာမည်ကို စိုးရိမ်သဖြင့် အဖြစ်မှန်ကို ပြောမပြခဲ့ချေ။

"အစ်ကိုလု ကင်းလှည့်အဖွဲ့ တစ်ဖွဲ့မှာ လူဘယ်နှစ်ယောက် ရှိလဲ"

ချင်မင် က ထိုသူများ၏ ခွန်အားကို သိလိုသဖြင့် မေးမြန်းလိုက်၏။

"ရှစ်ယောက်ကနေ တစ်ဆယ့်နှစ်ယောက်အထိ ရှိတတ်တယ်"

လုခဲ့ က ပြန်ဖြေလေသည်။ ၎င်းတို့ နယ်မြေကို စောင့်ရှောက်သော အဖွဲ့တွင် လက်ရှိ၌ လူ ကိုးဦး

ရှိပြီး အဖွဲ့ခေါင်းဆောင်မှာ ဒုတိယအကြိမ် ဘဝသစ် ရရှိထားသူ ဖြစ်သဖြင့် အလွန် သန်မာ လှပေသည်။

ဖုအန်းထောင်မှာ ထိုအဖွဲ့ခေါင်းဆောင်၏ အမည်ဖြစ်ပြီး ပုံမှန်အားဖြင့် လူမြင်ကွင်းသို့ ထွက်လာခဲလှသည်။

လုဓဲ့ က သက်ပြင်းချရင်း ပြောလိုက်၏။

"လူများစွာအတွက်ကတော့ တစ်ကြိမ်တည်းနဲ့ ဘဝသစ် ရဖို့တောင် အစွမ်းကုန် ကြိုးစားရတာလေ ဒုတိယအကြိမ် ဘဝသစ် ဆိုတာကတော့ စိတ်တောင် မကူးရဲတဲ့ ကိစ္စပဲ ဒါက ကျော်ဖြတ်ဖို့ ခက်ခဲတဲ့ အဆင့်တစ်ခုပဲလေ"

"ဒါဆိုရင်တော့ အဲဒီ အဖွဲ့ခေါင်းဆောင်က တခြား အဖွဲ့ဝင်တွေကို လုံးဝ ဖိနှိပ်ထားနိုင်တာ

ပေါ့"

ချင်မင် က ပြောလိုက်၏။

လုဓဲ့ က ခေါင်းညိတ်ပြကာ ပြောလေသည်။

"ပထမဆုံး ဘဝသစ် ရချိန်မှာ ခွန်အားတွေ သိသိသာသာ တိုးလာသလို ဒုတိယအကြိမ် ဘဝသစ် မှာတော့ အဲဒီအခြေခံပေါ်မှာတင် ခွန်အားက နှစ်ဆလောက် ထပ်တိုးလာတာ"

"ကျုပ်တို့ နယ်မြေမှာဆိုရင် ပထမဆုံး အောင်မြင်တဲ့သူက ပေါင်ငါးရာလောက် မနိုင် တာ အမြင့်ဆုံးပဲဆိုတော့ အဲဒီ ဖုအဖွဲ့ ခေါင်းဆောင်ကရော အဲဒီတုန်းက ဘယ်လိုလဲ"

ချင်မင် က အခြေအနေကို စုံစမ်းလိုက်၏။

လုဓဲ့ က သေချာ စဉ်းစားပြီးမှ ပြောလေသည်။

"ဖုအန်းထောင် က အဲဒီတုန်းက အမြင့်ဆုံး

အဆင့်ကို ရောက်ဖို့ နည်းနည်း လိုပါသေးတယ်"

သူက ချင်မင့် ကို ကြည့်ကာ ဆက်ပြော၏။

"မင်းက ရွှေရောင်အချိန်ကာလမှာ အောင်မြင်ခဲ့တာဆိုတော့ မင်းရဲ့ ဒုတိယအကြိမ် ဘဝသစ်ကတော့ အလွန် ပြင်းထန်မှာ သေချာတယ်"

ချင်မင် စိတ်ထဲတွင် တွက်ချက်လိုက်ပေသည်။ ခွန်အား အနေနှင့် ကြည့်မည်ဆိုပါက ဖုအန်းထောင် ဒုတိယအကြိမ် ဘဝသစ် ရရှိပြီးချိန်မှာ ပင် ပထမဆုံး ဘဝသစ် ရရှိထားသော သူ့ကို မယှဉ်နိုင်သေးချေ။

သူသည် လုဇ့်ကို ဒဏ်ရာများ ကောင်းမွန်အောင် အနားယူရန် ပြောပြီးနောက် အိမ်သို့ ပြန်လာခဲ့၏။

သူသည် ခြံဝင်းထဲတွင် တိုက်ခိုက်ရေး နည်း

လမ်းများကို စတင် လေ့ကျင့်တော့သည်။ အန္တရာယ်ရှိသော တောထဲတွင် ကျင်လည်ခဲ့သူဖြစ်သဖြင့် သူသည် နည်းလမ်းများစွာကို သိရှိထားပေသည်။

ဘဝသစ် မရခင်ကပင် သူသည် အုတ်ခဲများကို လက်ဖြင့် ချိုးနိုင်ခဲ့သဖြင့် ယခုအခါတွင်မူ အများကြီး ပိုမို သန်မာနေပြီ ဖြစ်၏။

သူသည် ခြေထောက်ဖြင့် တစ်ချက် ကန်လိုက်ရာ ပေါင်လုံးခန့် တုတ်ခိုင်သော သစ်တုံးကြီးမှာ ဘုန်းခနဲ အသံနှင့်အတူ ကျိုးသွားလေသည်။

သူသည် ငယ်စဉ်ကတည်းက လေ့ကျင့်လာသော လှုပ်ရှားမှုများကို လုပ်ဆောင်သောအခါ စိတ်အာရုံကို အပြည့်အဝ စုစည်းထားသဖြင့် သွေးသားထဲတွင် ရွှေရောင်လှိုင်းလေးများ ထွက်

ပေါ်လာပြီး ခန္ဓာကိုယ်ဖြင့် တစ်ချက် တိုးလိုက်ရုံဖြင့် သစ်တုံးကြီးမှာ ပျက်စီးသွားလေတော့သည်။

ညစာ စားပြီးနောက် ချင်မင် သည် ရှီယွဲ့ဖျင် ၏ အိမ်သို့ သွားလိုက်၏။

"ဦးလေးရှီ စိတ်ညစ်နေတုန်းပဲလား"

"သူတို့ တကယ်ကို လွန်လွန်းတယ်"

ရှီယွဲ့ဖျင် ၏ ရင်ထဲတွင် ခံရခက်နေမိသည်။

"ဦးလေးကို ဖျောင်းဖျပေးပါဦး သူ ညစာတောင် မစားရသေးဘူး"

ရှီယွဲ့ဖျင် ၏ ဇနီးက စိုးရိမ်တကြီး ပြောလေသည်။

"မရီး ကျုပ်ကို လွှဲပေးလိုက်ပါ"

ချင်မင် အခန်းထဲသို့ ဝင်ထိုင်လိုက်၏။

သူသည် အိမ်တွင် တိုက်ခိုက်ရေး နည်း

လမ်းများကို လေ့ကျင့်ခဲ့ပြီးသဖြင့် ယခုအခါ စိတ်တည်ငြိမ်နေပြီ ဖြစ်ပြီး ရွှီယွဲ့ဖျင် နှင့် ရှေ့ဆက်မည့် အစီအစဉ်များကို တိုင်ပင်လိုက်လေသည်။

"မင်းက သူတို့ ပြောတာကို သဘောတူခိုင်းတာလား"

ရွှီယွဲ့ဖျင် က ခေါင်းမော့ကြည့်ကာ မေးလိုက်၏။

သူသည် အလွန် ဒေါသထွက်နေပြီး မျက်နှာမှာလည်း အေးစက်နေကာ ပြောလိုက်၏။

"မင်း အကျိုးဆက်ကို သိလား နောက်နှစ်ဆို ရိက္ခာတွေ အများကြီး လျော့သွားပြီး ငတ်မွတ်ခေါင်းပါးမှုတွေ ဖြစ်လာလိမ့်မယ်"

"ဦးလေး ကျုပ်ပြောတာ အရင်ဆုံး ဆုံးအောင် နားထောင်ပါဦး"

ချင်မင် က သူ စိတ်မတိုစေရန် အမြန် ပြော

လိုက်ရလေသည်။

"ပြောစမ်း"

"အခုက နွေဦးရောက်ဖို့ အဝေးကြီး လိုပါသေးတယ် ကျုပ်တို့ အရင်ဆုံး သူတို့ကို သဘောတူပေးလိုက်ရင် ဘာဖြစ်မှာလဲ အဲဒီအတွင်းမှာ တစ်ခုခု ဖြစ်သွားနိုင်တာပဲလေ ဥပမာ တောင်ရှင်းလင်းရေး လုပ်တဲ့အခါ သူတို့ အကုန် သေသွားတာမျိုး ဒါမှမဟုတ် နတ်ဘုရားတွေက သူတို့ကို အပြစ်ပေးလို့ သတ္တဝါဆိုးတွေက သူတို့ကို ဝါးမျိုသွားတာမျိုး ဒါမှမဟုတ်ရင်လည်း တောင်ပေါ်မှာ သံလိုက်စက်ကွင်းတွေ ပြောင်းလဲလို့ ကင်းလှည့်အဖွဲ့က လူတွေ အကုန် ရှုးသွားတာမျိုးပေါ့"

ရွှီယွဲ့ဖျင် သည် ချင်မင်က တည်တည်ငြိမ်ငြိမ်

ဖြင့် ကျိန်ဆဲနေသည်ကို မြင်ရသောအခါ သူ့ကို ထူးဆန်းသလို ကြည့်နေမိ၏။

ချင်မင်၏ ဆိုလိုရင်းမှာ အကယ်၍ ထိုသူများ တစ်ခုခု ဖြစ်သွားခဲ့လျှင် အထက်က လာရောက် စစ်ဆေးသောအခါ ကင်းလှည့်အဖွဲ့နှင့် ပြဿနာ ရှိသူများကို သံသယ ဝင်နိုင်သဖြင့် အရင်ဆုံး အခြေအနေကို ပြေလည်အောင် လုပ်ထားရန် ဖြစ်ပေသည်။

ရှီယွဲ့ဖျင် က မကျေမနပ် ဖြစ်နေပုံဖြင့် ပြော လိုက်၏။

"အဲဒီလို ဖြစ်ဖို့က မလွယ်ပါဘူး မင်းက အများ ကြီး တွေးနေတာပဲ"

"ဦးလေးရှီ ကျုပ်ဆိုလိုတာက အရင်ဆုံး သဘောတူပေးထားပြီး အပြောင်းအလဲတွေကို

စောင့်ကြည့်ဖို့ပါ"

ချင်မင် ၏ မျက်နှာမှာ တည်ကြည်သွားပြီး ပြော လိုက်လေသည်။

သူက ရှင်းပြလေသည်။ မျိုးစေ့များကို မီး စမ်းရေထဲတွင် အရင် ပစ်ထည့်ထားလိုက်ပြီး ကင်းလှည့်အဖွဲ့ ပြန်သွားမှ ပြန်ဆယ်ယူခြင်း သို့မဟုတ် တောင်ပေါ်မှ ထွက်သော ဓာတ် သတ္တုဝါကျော်ရည်များနှင့် မျိုးစေ့ကို သုတ်လိုက် ပြီး မီးစမ်းရေနှင့် မထိအောင် လုပ်ထားရန် ဖြစ် ပေသည်။

"အခုက အိမ်တိုင်းမှာ ရိက္ခာ ပြတ်လပ်နေတာ ဆိုတော့ အရင်ဆုံး ရွာသားတွေ တောင်ပေါ်မှာ ဘေးကင်းကင်းနဲ့ အမဲလိုက်နိုင်ဖို့ကိုပဲ အရင် စဉ်းစားရအောင်ပါ"

ချင်မင် က ထပ်လောင်း ပြောလိုက်၏။

ရွှီယွဲ့ဖျင် က သက်ပြင်းတစ်ချက် ချလိုက်၏။ ချင်မင် ပြောသည်မှာလည်း အကြောင်းပြချက် ရှိပေသည်။ အကယ်၍ လက်ရှိမှာပင် မတောင့်ခံနိုင်ပါက နောက်နှစ် အကြောင်းကို ဆွေးနွေးနေရန် မလိုအပ်တော့ချေ။

"ဒီတစ်ခေါက်ကိုတော့ ဆွဲဆန့်ထားလို့ ရပေမဲ့ နောက်ပိုင်းကျရင် ဘယ်လိုလုပ်မလဲ"

သူသည် ဖုန်းယီအန်း တို့၏ ရက်စက်မှုကို သိရှိထားသဖြင့် နောင်တွင် ကလဲ့စားချေခံရမည်ကို စိုးရိမ်နေမိဆဲ ဖြစ်သည်။

"ဦးလေး ခဏလောက် ထပ်စောင့်ပါဦး ကျုပ် ဒုတိယအကြိမ် ဘဝသစ် ရသွားတဲ့အခါကျရင်တော့ သူတို့နဲ့ ကောင်းကောင်း ဆွေးနွေးလို့ ရပါ

လိမ့်မယ်"

ချင်မင်က ခိုင်မာသော အကြည့်ဖြင့် ပြော လိုက်၏။

"သူတို့ နောက်ကွယ်မှာလည်း လူတွေ ရှိဦးမှာ ပဲ"

ရွှီယွဲ့ဖျင် က နဖူးကို ပွတ်ရင်း ပြောလေသည်။

ရုတ်တရက် သူ တစ်ခုခုကို သတိရသွားပုံဖြင့် မေးလိုက်၏။

"ချင်လေး မင်းက ပထမဆုံး ဘဝသစ် ရတာဆို တော့ မင်းရဲ့ လက်မောင်းနှစ်ဖက် ခွန်အားက ပေါင်ခြောက်ရာ အဆင့်ကို ရောက်နေပြီလား"

"ရောက်နေပြီ"

"ဒီရလဒ်ကတော့ အဝေးက ရွှေရောင်မြို့တော် မှာတောင် အလွန် ထင်ရှားတဲ့ ရလဒ်ပဲ"

ရှိယွဲ့ဖျင် ချက်ချင်း ထရပ်လိုက်ပြီး ပြော လိုက်၏။

သူ၏ မျက်နှာပေါ်တွင် အပြုံးများ ပေါ်လာပြီး ဆက်ပြောလိုက်သည်။

"မနက်ဖြန် ငါနဲ့အတူ ယင်ထိန်မြို့နယ် ကို လိုက်ခဲ့"

ချင်မင် မှာ တစ်ဖက်လူ စိုက်ကြည့်နေသဖြင့် နေရခက်သွားပြီး ပြောလိုက်၏။

"ဦးလေးရှီ ကျုပ်တို့ လက်ရှိ ပြဿနာကို အရင် ဖြေရှင်းကြရအောင်လေ"

"ဖုန်းယီအန်း က ပြောသွားတယ် ငါစိတ်ပြောင်း သွားရင် သူ့ကို မြို့နယ်ထဲမှာ သွားရှာလို့ ရတယ် တဲ့ နောက်ပြီး ငါတို့ အဲဒီကို သွားရင် မင်း အတွက် ကောင်းမွန်တဲ့ အိမ်ထောင်ရေး တစ်ခု

စောင့်ကြိုနေနိုင်တယ်"

ရွှီယွဲ့ဖျင် က ရှင်းပြလေသည်။ ဝေးကွာလှသော အရပ်မှ ချမ်းသာသော အဘိုးအို တစ်ဦးသည် ထိုမြို့နယ်တွင် လာရောက် အခြေချ နေထိုင်နေပြီး သူ့တွင် အိမ်ထောင်ပြုရန် အရွယ်ရောက်နေသော အလွန် လှပသည့် သမီးတစ်ဦး ရှိသည်ဟု ဆိုသည်။

"ဗျာ"

ချင်မင် အံ့သြသွားမိ၏။

"ဦးလေးရွှီ ကျုပ်တို့ အရက်အကြောက် မရှိသလိုမျိုး သွားမလုပ်ပါနဲ့"

ချင်မင် က ချက်ချင်း ခေါင်းခါပြကာ ပြောလိုက်၏။

ယခင်ကဆိုလျှင် ရွှီယွဲ့ဖျင် မှာ သွားဝံ့မည်

မဟုတ်သော်လည်း တစ်ဖက်လူက သားမက်ရွေး ရာတွင် မိသားစု နောက်ခံကို မကြည့်ဘဲ လူကို သာ ကြည့်မည်ဟု ပြောထားသဖြင့် ချင်မင် ၏ ရွှေရောင်ပါရမီကို သူ အားကိုးလိုခြင်း ဖြစ်ပေ သည်။

"အကယ်၍ ဒီအိမ်ထောင်ရေးသာ အောင်မြင် မယ်ဆိုရင် ကင်းလှည့်အဖွဲ့ဆီက ခြိမ်းခြောက်မှု တွေကို ဖြေရှင်းနိုင်လိမ့်မယ်"

သူက တိုးတိုးလေး ပြောလိုက်၏။

ချင်မင် က ငြင်းဆန်သော်လည်း ရှီယွဲ့ဖျင် က သူ့ကို တစ်ညလုံး အရက်တိုက်ကာ ဖျောင်းဖျနေ လေတော့သည်။

နောက်တစ်နေ့တွင် မြူများ မကွယ်သေးခင်မှာ ပင် ရှီယွဲ့ဖျင် သည် ချင်မင့် ကို ခေါ်ကာ ခရီးထွက်

လာခဲ့၏။

"ဦးလေးရှိ ဒီလောက် အစောကြီး သွားဖို့ လိုလို့လား"

"မင်း စိတ်ထဲမှာ အားနာနေမှာကို ငါ သိပါတယ် ဘာမှ မဖြစ်ပါဘူး ဟိုရောက်ရင် မင်း ဝင်တွေ့စရာ မလိုသေးပါဘူး ငါ အရင်ဆုံး သွားပြီး အခြေအနေ စုံစမ်းကြည့်လိုက်ပါ့မယ်"

ရှိယွဲ့ဖျင် က အောင်မြင်လျှင် ကောင်းသလို မအောင်မြင်ပါကလည်း ဘာမှ မဖြစ်နိုင်ဟု ယူဆထားသဖြင့် ကံစမ်းကြည့်ရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

မှောင်ရီပိုးတဝါးအချိန် ဖြစ်သဖြင့် ပတ်ဝန်းကျင်မှာ မှောင်မိုက်နေဆဲ ဖြစ်ကာ လမ်းဘေးဝဲယာရှိ တောအုပ်ကြီးများမှာလည်း လေးလံနေပေ

သည်။ အဝေးမှ သားရဲများနှင့် ငှက်ဆိုးများ၏ အော်သံများကို ကြားနေရလေသည်။

ချင်မင် နှင့် ရှီယွဲ့ဖျင် တို့သည် ထူထပ်လှသော နှင်းများကို တိုးဝှေ့လျက် မိုင်ပေါင်း ဆယ်ဂဏန်း ခန့် ဝေးသော ယင်ထိန်မြို့နယ် ဆီသို့ ဦးတည် လျှောက်လှမ်းနေကြလေသည်။

ခရီးတစ်ဝက်ခန့် ရောက်သောအခါ ၎င်းတို့ ရုတ်တရက် ရပ်တန့်လိုက်ကြ၏။ အဝေးမှ တောအုပ်ထဲတွင် တောက်ပသော အနီရောင် အလင်းတန်းများ ပေါက်ကွဲထွက်ပေါ်လာပြီး မြူ ထုကို ဖောက်ထွင်းကာ ပတ်ဝန်းကျင်ကို လင်း ထိန်သွားစေခဲ့သည်။

လိပ်ပြာနီများစွာ ပေါ်လာ၏။ ၎င်းတို့သည် ကခုန်နေကြကာ ညကောင်းကင်ယံကို နီရဲသွား

စေပြီး အရပ်မျက်နှာအသီးသီးသို့ ပျံသန်းသွားကြလေတော့သည်။

***